## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၄)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လက်ကိုင်ဖုန်းများပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၀)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ၅-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညီညီထွေး(ခ) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ရေဖြူမြို့နယ်သို့ ကွင်းဆင်းလေ့လာရေးသွားရောက်။ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဌင်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဌင်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဌင်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဌင်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ စုစုပေါင်း(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်

ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၃)ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး အမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး အမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါခင်ဗျား။ မေးခွန်း မေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြသွားပါမယ်။

တမူးမြို့၊ စန္ဒကူး အမှတ်(၂) ရပ်ကွက်အတွင်းမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ဟာ ၁၉၈၃ ခုနှစ်မှာ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ မူလတန်း(လွန်)ကျောင်း၊ ၂၀၀၅ ခုနှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ၂၀၁၂ ခုနှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း၊ ၂၀၁၃ ခုနှစ်မှာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ် သင်ကြားပေးခဲ့ပါတယ်။ အဆိုပါကျောင်းရဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းသားအင်အားစာရင်းအရ မူလတန်းအဆင့် ကျောင်းသားပေါင်း(၅၂၅) ဦး၊ အလယ်တန်းအဆင့် ကျောင်းသားပေါင်း(၃၈၈)ဦးနှင့် အထက်တန်းအဆင့် ကျောင်းသားပေါင်း (၁၅၇)ဦး၊ စုစုပေါင်း(၁၀၇၀)ဦးကို လက်ခံသင်ကြားပေးနေတဲ့ ကျောင်းတစ်ကျောင်းလည်းဖြစ်ပါတယ်။

မိဘ၊ ဆရာအသင်းရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများရဲ့ အသင်အပြကောင်းမှု၊ ကျောင်းသား၊ ကျောင်းသူများရဲ့ ကြိုးစားအားထုတ်မှုကြောင့် နှစ်စဉ် တက္ကသိုလ်ဝင်တန်း အောင်ချက်တိုးမြှင့်လာပြီး ဂုဏ်ထူးရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့တဲ့အပြင် တိုင်းဒေသကြီးအဆင့် အရေးဗစ် ပထမဆုရ ကျောင်းသူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့တဲ့ ကျောင်းကြီးလည်းဖြစ်ပါတယ်။ သမိုင်းမှတ်တမ်းကောင်းများ ရှိနေပြီဖြစ်တဲ့ တမူးမြို့၊ စန္ဒကူး အမှတ်(၂) ရပ်ကွက်အတွင်းမှာရှိတဲ့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းဟာ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသူ၊ ကျောင်းသားပေါင်း (၂၂၁)ဦး ပညာသင်ကြားလျက်ရှိပြီး ၎င်းကျောင်းအနီးပတ်ဝန်းကျင် (၁၅)ကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားစုစုပေါင်း (၁၈၈၄)ဦး ပညာသင်ကြားလျက်ရှိကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင်တိုးမြှင့်ပေးပါက အနီးအနားဝန်းကျင်ရှိ အထက်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများ လွယ်ကူစွာသွားရောက် ပညာသင်ကြားနိုင်မည် ဖြစ်ပါတယ်။ ကျောင်းတိုးမြှင့်နိုင်ရန် အမှုတွဲအားလည်း မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြပြီးဖြစ်ပါတယ်။ ပင်မကျောင်းဖြစ်သော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ပလက်ဝသို့ နေ့စဉ်ကျောင်းတက်ရန် ကုလားတန်မြစ်ကို ဖြတ်ကူးနေရပြီး မိုးရာသီတွင်ရေကြီးသောကြောင့် ကျောင်းတက်ရာတွင် ကျောင်းသူ၊ ကျောင်းသားများ အသက်အန္တရာယ် စိုးရိမ်နေရပါတယ်။ ထို့ကြောင့် ကျောင်းအဆင့် တိုးမြှင့်ပေးပါရန် ဒေသခံပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းဟာ အမှတ်(၂၈၉) ခြေလျင်တပ်ရင်းအတွင်းရှိ တပ်တွင်း အခြေခံပညာအလယ်တန်းကျောင်းဖြစ်ပြီး လက်ရှိမြို့သစ်စီမံကိန်းနှင့် တစ်ဆက်တည်းတည်ရှိသောကျောင်းဖြစ်ပါတယ်။ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပါက မြို့သစ်စီမံကိန်းအတွင်းတွင် နေထိုင်ကြမည့်

ကျောင်းသူ၊ ကျောင်းသားများအတွက်လည်း လွယ်ကူစွာ အထက်တန်းပညာကို လာရောက် ပညာသင်ယူနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝမြို့၊ တိုးချဲ့ရိက္ခာ (မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ဒေသခံပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်လတ်၏ မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး အမှတ်(၂) ရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဦးစွာဖြေကြား တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်းပေါင်း(၁)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၁၂)ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဆက်လက်ပြီးလာမယ့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကိုယ်စားလှယ်တော်ကြီးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်အတွက် အခြေခံပညာအထက်တန်း ကျောင်းပေါင်း(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၇)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(၇)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၃)ကျောင်း၊ စုစုပေါင်း အခြေခံပညာ(၂၃)ကျောင်း အဆင့်တိုးမြှင့်ရန် လျာထားစီစဉ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်းလည်း ရိုသေစွာတင်ပြပါတယ်။ ယခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူးအမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ စုစုပေါင်း အထက်တန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၅၆)ဦးပဲ ရှိပါတယ်။

ဆက်လက်ပြီး ပင်မကျောင်းဖြစ်တဲ့ တမူးမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့်လည်း (၁)မိုင်အကွာအဝေးမှာသာ ရှိနေပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ဒီကျောင်းမှာတက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားများအားလုံး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အထက်တန်း ဆင့်ပညာရပ်များကို သင်ယူခွင့်ရရှိပြီးတဲ့အခြေအနေမှာ ရှိပါကြောင်းနှင့် လာမယ့်နှစ်မှာ တိုးမြှင့် ဆောင်ရွက်ပေးမယ့် (၂၃)ကျောင်း လျာထားချက်မှာတော့ ဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်နိုင် ခြင်းမရှိပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မဲဆန္ဒနယ် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း(၁၈)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းပေါင်း(၂၉)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(၉)ကျောင်း၊ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)(၉)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂၄)ကျောင်း၊ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၉၂)ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။

တင်ပြပါ အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့် တိုးမြှင့်ရန် သတ်မှတ်ချက်မူများမှာ အလယ်တန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၃၀၀)ဦးနှင့် အထက် ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၃)မိုင် အထက်ကွာဝေးခြင်းတို့သာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်)ရပ်ကွက်ရှိ ကျောင်းအမည်မှန်ဖြစ်သော မြို့သစ်အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၃၅)ဦး ရှိကြောင်း တွေ့ရှိရပါတယ်။

ဒီသတ်မှတ်ချက်ရှိသော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ပင်မကျောင်းနှင့် ခရီးသည် (၂)မိုင်ကျော်ကျော်ကွာဝေးပြီး သွားရေးလာရေးခက်ခဲကြောင်းလည်း ဒါ တွေ့ရှိရပါတယ်။ ဒီ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးနှင့် ဒေသခံပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ပလက်ဝမြို့၊ မြို့သစ်အခြေခံပညာအလယ်တန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံ

ပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) က တင်သွင်းသည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)** ။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေဟာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ဆိုပေမယ့်လည်း ပြည်သူ့ဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာ ဥပဒေသစ် ဖြစ်ပါတယ်။ ဆန္ဒထုတ်ဖော်တယ် ဆိုတာ ဒီမိုကရေစီ၏ အမှတ်သင်္ကေတတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးတွေ ရဖို့အတွက်လည်း ပြည်သူလူထုတွေဟာ နှစ်ပေါင်း(၄၀)၊(၅၀) ကြိုးစားရင်းနှီးခဲ့တာကို မမေ့အပ်ဖို့ လိုပါတယ်။ ဒီဥပဒေကို အခုလိုပြင်ဆင်ပြီး တင်းကြပ်လိုက်လို့ရှိရင် အကြောက်တရားတွေ ဝင်သွားပြီးတော့ အဓိက လူထုဖြစ်တဲ့ အလုပ်သမား၊ လယ်သမားတွေရဲ့ အခွင့်အရေးတောင်းဆိုမှုတွေ၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေး ကာကွယ်မှုတွေနှင့် မတရားမှု၊ ကိုယ်ကျင့်တရားပျက်ပြားမှုတွေကို ထောက်ပြတဲ့အခွင့်အရေးတွေ ပြည်သူလူထုမှာ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၄ ကိုဆွေးနွေးလိုပါတယ်။ ဒီပုဒ်မမှာ ပါတဲ့အချက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၄ မှာ ဤ/သည် မရွေး ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ သို့သော်လည်း ဖွဲ့စည်းပုံမှာ ဖော်ပြထားတာက ပြည်သူတွေအတွက် ပေးထားတဲ့အခွင့်အရေးဖြစ်ပြီးတော့ အပြုသဘော (Positive) သဘောဆောင်ပါတယ်။ အခု ဒီပုဒ်မမှာ ဖွဲ့စည်းပုံပါ ဒီစကားရပ်တွေကို ပြန်လည်

ဖော်ပြတာက အကြောက်တရားကို ပေးထားပြီးတော့ ပြည်သူလူထုတွေအတွက် Negative သဘောနဲ့ တားဆီးတဲ့ သဘောဆောင်တဲ့အတွက် ဆန့်ကျင်လွဲဖယ်နေတာကို တွေ့ရှိရပါတယ်။ ပုဒ်မ ၄ (ဃ)မှာ အခု ပြင်ဆင်ထားတဲ့ ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ်များ (သို့မဟုတ်) အဖွဲ့အစည်းများ ဆိုတဲ့ စကားရပ်ဟာ ဆန္ဒထုတ်ဖော်သူတွေရဲ့ လုံခြုံရေးနှင့် ချီတက်ရာလမ်းကြောင်း တစ်လျှောက် လုံခြုံရေးကိစ္စတွေနဲ့ မသက်ဆိုင်လို့ ဥပဒေရဲ့ဂုဏ်ရပ်နှင့်လည်း မဆီလျော်ပါဘူး။ ဒါကြောင့် ဒီစကားရပ် တွေကို မထည့်သင့်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၈ ကိုဆွေးနွေးလိုပါတယ်။ မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ ဆိုတဲ့စကားရပ်တွေဟာ ပုဒ်မ ၄ မှာလည်း ဖော်ပြပြီးသား ဖြစ်ပါတယ်။ အခုဆိုရင် နောက်တစ်ကြိမ် ဖော်ပြတဲ့အတွက် နှစ်ကြိမ်ထပ်နေပါပြီ။ ဒီအချက်တွေကို ချိုးဖောက်လို့ ရှိရင် အရေးယူဖို့အတွက်လည်း ရာဇသတ်ကြီးပုဒ်မ အသီးသီးက ပြဋ္ဌာန်းပြီးသား၊ ရှိပြီးသားဖြစ်လို့ ဒီနေရာမှာထည့်သွင်းဖို့ မလိုအပ် လို့ယူဆပါတယ်။ နောက်ပြီးတော့ ဒီဥပမာမှာ ပါတဲ့ စကားရပ်တွေဟာ ရှေ့စကားနှင့်နောက်စကား မကိုက်ညီတာလည်း တွေ့ရပါတယ်။ လူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်း နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းကို ပြုကြောင်း ဆိုတဲ့စကားရပ်နှင့် နောက်ဖက်မှာပါတဲ့ ပြုသူကို ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်နိုင်သည် ဆိုတဲ့စကားရပ်တွေဟာ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ ယုတ်တိမကိုက် ဖြစ်နေပါတယ်။ ဒါကို ပယ်ဖျက်ဖို့လိုပါတယ်။ ငြိမ်းချမ်းစွာလို့ ပါနေလျက်သားနဲ့ ငြိမ်းချမ်းစွာ လုပ်တဲ့သူ ကိုပဲ ပြစ်ဒဏ်ပေးသလို ဖြစ်နေပါတယ်။ ဒါဆိုရင် မငြိမ်းချမ်းအောင် လုပ်ရမယ့်သဘော ဖြစ်နေပါတယ်။

နောက် ဒီပုဒ်မ ၁၈ ဟာ ပုဒ်မ ၄ လိုပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၄ ပါ ပြည်သူ့ အခွင့်အရေးတွေကို တားဆီးပိတ်ပင်ထားပြီးတော့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း Article 19 မှာ ပါတဲ့ (Freedom Of Expression) မှာပါတဲ့ အနှောင့်အယှက်မရှိ မိမိရဲ့ အမြင်ကို တင်ပြခွင့်နှင့် ဆက်သွယ်လုပ်ဆောင်ခွင့်တွေကို ဟန့်တားနေတဲ့အတွက် ဖြုတ်ပေးသင့်ပါတယ်။ ဒီနည်းလမ်းတွေနဲ့ပဲ ကျွန်တော်တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဖို့ လူထုလက်မှတ်ပေါင်း (၅)သိန်းကျော်ကို ကောက်ခံ ရရှိခဲ့တာကို မမေ့ဖို့လိုအပ်ပါတယ်။ နောက်ထပ်လည်း လိုအပ်ရင် ဒီလို လက်မှတ်ကောက်ခံ (Signatures Campaign) တွေကိုလုပ်ရမှာ ဖြစ်တဲ့အတွက် အဲဒီလို လုပ်တဲ့အခါမှာ ဒီဥပဒေက အတားအဆီး ဖြစ်လာမှာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဒီဥပဒေ ပုဒ်မ ၁၈ မှာ ပစ္စည်းကိုသော်လည်းကောင်း သုံးစွဲရေးဆိုတာ ပါရှိပါတယ်။ ဒီစကားရပ်ကလည်း ကြောက်စရာကောင်းပါတယ်။ ကျွန်တော်တို့ စစ်တွေမြို့မှာ ကျွန်တော်တို့ ကိုယ်တွေ့ ကျွန်တော်တို့ ရှေ့ကပဲ ဆန္ဒထုတ်ဖော်တဲ့ကလေးကို ရေသန့်ဗူးတစ်ဗူးပေးတာ အဲဒီကလေးကို ဖမ်းပြီးတော့ လေယာဉ်နှင့် ရန်ကုန်ကိုခေါ်သွားတာ တွေ့မြင် ခဲ့ရပါတယ်။ ဒါကြောင့် ဒီဟာ အန္တရာယ်ကြီးတဲ့ စကားလုံးဖြစ်တဲ့အတွက် ဒီဟာကိုလည်း ပယ်ဖျက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနှင့် ဒီဥပဒေဟာ ယခင်အစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ပြည်သူက ရွေးကောက်တဲ့ ယခု အစိုးရလက်ထက်မှာ ဒီမိုကရေစီအခွင့်အရေးနှင့် ပြည်သူ့

အခွင့်အရေးတွေ လျော့ကျမသွားအောင် ပြင်ဆင်ပေးဖို့ လိုအပ်ပါတယ်။ ဒီဥပဒေဟာ ဒီမိုကရေစီနှင့် သက်ဆိုင်တဲ့အပြင် ဒီမိုကရေစီနှင့် ပြောင်းပြန်အချိုးကျနေတဲ့အတွက် ဒီဥပဒေကို တင်းကြပ်လိုက်ရင် ဒီမိုကရေစီတန်ဖိုး ကျဆင်းသွားပြီးတော့ အာဏာရှင်ခေတ်က ဥပဒေဘက်ကို ပိုလို့ နီးစပ်တဲ့သဘော ဖြစ်သွားပါတယ်။ ဥပဒေ ပြင်ဆင်မှုတွေဟာ လူတစ်စု၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခုကို အကာအကွယ် ပေးချင်လို့ သို့တည်းမဟုတ် လူတစ်စု၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခုကို တားဆီးချင်လို့ ဥပဒေ လက်နက်အဖြစ် ပြဋ္ဌာန်းတာမျိုး မဖြစ်သင့်ဘဲ ကိုလိုနီခေတ်က ပြဋ္ဌာန်းထားတဲ့ဥပဒေတွေ အာဏာရှင် ခေတ်က ပြဋ္ဌာန်းတဲ့ ဥပဒေထက်ပိုပြီးတော့ ဒီမိုကရက်တစ် ဖြစ်အောင် (Liberalization) ဖြစ်အောင် ပြင်ဆင်သင့်ပြီး ပြည်သူလူထုအများစုကို ဦးတည်ပြီးတော့ လုပ်ဆောင်ပေးခဲ့တယ်လို့ လွှတ်တော် သမိုင်းမှာ မှတ်တမ်းကောင်းတွေ ကျန်ရှိစေချင်လို့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာ တရားဝင်ခွင့်ပြုတဲ့ ဆန္ဒထုတ်ဖော်တဲ့ အရေအတွက်ဆိုတာ နိုင်ငံတကာနှင့် နှိုင်းယှဉ်ရင် အများကြီး အရေအတွက် လျော့နည်းပါသေးတယ်။ တချို့နိုင်ငံကြီးတွေမှာဆိုရင် တစ်နှစ်အတွင်းမှာ သိန်းဂဏန်းနီးပါးလောက် ဆန္ဒပြတာ တွေ့ပါတယ်။ နောက် မြန်မာနိုင်ငံမှာပြတဲ့ ဆန္ဒထုတ်ဖော်ပွဲတွေ ဆိုတာကလည်း နိုင်ငံခြားနှင့်မတူဘဲ ကြမ်းကြုတ် ရုန်းရင်းဆန်ခတ် ဖြစ်တာလည်း မတွေ့ရတဲ့အတွက် အခုလိုအခြေအနေမျိုးမှာ ဒီဥပဒေကို ပြဋ္ဌာန်းဖို့ မသင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာ၍ ကျန်းမာကြပါစေ။ ကျွန်တော် ဒီနေ့ ဆွေးနွေးမှာက ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းလာတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ပြင်ဆင်တဲ့ ဥပဒေကို ပြင်ဆင်ချက်(၄)ခုနဲ့ ဆွေးနွေးပါမယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံ အပ်ပါတယ်။ ကျွန်တော် ပုဒ်မ ၁၈ကို ထောက်ခံဆွေးနွေးမှာဖြစ်ပြီး ဆွေးနွေးတဲ့နေရာမှာ ပြင်ဆင်ချက်နှင့် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေမှာ ဒီပြဋ္ဌာန်းချက်က နိုင်ငံသား တွေရဲ့ မူလအခွင့်အရေးကို ကျွန်တော်တို့က တားဆီးထားတဲ့ ပြဋ္ဌာန်းချက်လည်း မဟုတ်ပါဘူး။ ဒီ ပုဒ်မ ၁၈ ကို အစားထိုးတဲ့နေရာမှာ မူလပုဒ်မ ၁၈ ကို ကျွန်တော်တို့က ပုဒ်မ ၁၉ ဆိုပြီး အမှတ်စဉ် ပြောင်းပြီးတော့ ပုဒ်မ ၁၈ ကို ဒါ ပြဋ္ဌာန်းထားချက်ပါ မူလ ပုဒ်မ ၁၈ မှာ ကိုက ကျွန်တော်တို့ နိုင်ငံသားအခွင့်အရေး တွေကို ကာကွယ်ပေးထားတာ ရှိပြီးသား ဖြစ်ပါတယ်။ မူလပုဒ်မ ၁၈ အခု ပုဒ်မ ၁၉ မှာဆိုရင် မည်သူမဆို စီတန်းလှည့်လည်သူများကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်

ကျူးလွန်ခြင်း၊ နိုင်ထက်ပြုခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း တစ်ခုခု ပြုလုပ်တဲ့သူကို ထောင်(၁)နှစ်နှင့် ငွေဒဏ်ကျပ်(၁)သိန်း ချမှတ်လို့ရတယ်လို့ ဒီဥပဒေက အကာအကွယ် ပေးထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခု ကျွန်တော် ပြဋ္ဌာန်းဖြည့်စွက်လိုက်တဲ့ ၁၈ သည် နိုင်ငံသားဥပဒေကို မူလ အခွင့်အရေးကို ကာကွယ်တာ မဟုတ်ဘဲနှင့် နိုင်ငံတော် တည်ငြိမ်မှုကို ပျက်ပြားစေအောင် ကျွန်တော်တို့ ငွေကြေးတွေသုံးပြီးတော့ မရိုးဖြောင့်တဲ့သဘောနှင့်ပြုလုပ်တဲ့လူတွေကို ဟန့်တားတဲ့ ပုဒ်မ ဖြစ်ပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေ တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်ကို မတည်ငြိမ်အောင် ဖျက်မယ်လို့ ခြိမ်းခြောက်တဲ့လူတွေလည်း ရှိပါတယ်။ ဒီလိုဟောကိန်းတွေထုတ်ပြီးတော့ ငွေနှင့် ဖြားယောင်းပြီး စွဲဆောင်တဲ့ လူတွေလည်း ရှိတယ်။ ဒါတွေကို ကျွန်တော်တို့က တားဆီးတဲ့ ဥပဒေ ဖြစ်တဲ့အတွက် ကျွန်တော် ထောက်ခံပြီး ဆွေးနွေးတာ ဒီနေရာမှာ ခွင်းချက်အနေနှင့် ထောင်ဒဏ်ကို ပြင်ဆင်ထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေမှာ ဖြည့်စွက်ထားတာ အဆိုပြု ပြဋ္ဌာန်းချက်မှာ အစိမ်းနှင့် ပြထားခဲ့တဲ့ဟာတွေက အကြံဖြင့်ဖြစ်စေ ထိုသို့ပျက်ပြားတန်ရာသော အခြေအနေသို့ဖြစ်စေ သိလျက်နှင့်ဆိုသည့် ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပြီးတော့ ပျက်ပြားတန်ရာသည်ကို သိလျက်နဲ့ဖြစ်စေဆိုတဲ့ စကားကတော့ ကျွန်တော် ပြန်လည်ထည့်ထားတာ ဖြစ်ပါတယ်။ ဥပဒေကြမ်း ပြင်ဆင်ချက် အကြံပြုထားတာကတော့ ပျက်ပြားတန်ရာသည်ကို ပြထားတာဖြစ်တယ်။ ဒါက ကျွန်တော် ပြန်ပြီးတော့ ထည့်သွင်းထားတာ ကျွန်တော်တို့က ပျက်ပြားတန်ရာကို သိလျက်နှင့်ဆိုသည့် စကားရပ်က အင်မတန် ဒါဟာ မရိုးဖြောင့်တဲ့သဘောကို သိလျက်နဲ့ ပြုလုပ်တဲ့သူကို ကျွန်တော်တို့ ရည်ရွယ်ခြင်း ဖြစ်တဲ့အတွက် ဒါကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ငွေဆိုတဲ့နေရာမှာ ငွေကြေးလို့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ကျန်တဲ့ဟာတော့ ရေးထုံးကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

ပုဒ်မ ၄ ဖြစ်ပါတယ်။ ဒီဘက်မှာ အစိမ်းနှင့်ပြထားတဲ့သဘောဆန္ဒကို ဆိုတဲ့နေရာမှာ ရှေ့က မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ရန် အလို့ငှာ ဆိုတဲ့ စကားရပ်ကို ကျွန်တော်က ရေးထုံးပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ရေးထုံးအတိုင်း ကျွန်တော်က ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ မှာလည်း ထိုနည်းလည်းကောင်းပဲ ပြဋ္ဌာန်းထားတဲ့အတွက် ရေးထုံးကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်က ဟိုဘက်အပြာနဲ့ပြထားတဲ့ဟာကို ကျွန်တော် ပယ်ဖျက်ပြီးတော့ ကုန်ကျစရိတ်ဆိုတဲ့ နေရာမှာ ယင်းစရိတ်ကို ကျခံမည့်ပုဂ္ဂိုလ်လို့ ကျွန်တော်က ပြင်ထားခြင်း ဖြစ်ပါတယ်။ ကုန်ကျစရိတ်ဆိုတဲ့ဟာကို သိပ်မသေချာ တဲ့ စကားရပ်ဖြစ်တဲ့အတွက် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၂၃ မှာ ဖြစ်ပါတယ်။ ဒီပုဒ်မ ၂၃ မှာ ရဲအရေးပိုင်ရမည်လို့ သတ်မှတ်ထားတဲ့နေရာမှာ ပုဒ်မ ၂၂ ကို သိမ်းကျုံးသွင်းပြီးတော့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ကို ဒါက ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ ပြဋ္ဌာန်းချက်မှာကတည်းက ဒါက ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၂၂ က မည်သူမဆို ပုဒ်မ ၂၀ ကို ညွှန်းတယ်။ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုခြင်းခံရမည်လို့ ပုဒ်မ ၂၂ က ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် ရဲအရေးပိုင်ခြင်း ပြစ်မှု ဖြစ်သည်ဆိုတဲ့နေရာမှာ ၂၂ ကို ကျူးသွင်းခြင်းကို

ဖယ်ရှားထားတာဖြစ်တဲ့အတွက် ပုဒ်မ ၂၂ ကို ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုး တင်သွင်းခဲ့တဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပထမဆုံးအနေနဲ့ ပုဒ်မ ၄ ခြေဆင်းဖြစ်တဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့် မဆန့်ကျင်လျှင် ဆိုတဲ့ စကားရပ်အပေါ်မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းကို ကြိုးစား လျှောက်လှမ်းနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီအဝန်းအဝိုင်းကို ချဲ့နိုင်သမျှ ချဲ့ရမှာ ဖြစ်ပါတယ်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့်လွတ်လပ်စွာ စုဝေးစီတန်းလှည့်လည်ခွင့်ဆိုတာ အခြေခံကျတဲ့ လူ့အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ပြည်သူတွေဟာ ဒီအခွင့်အရေးကို ရတာမှ မကြာသေးဘူး အခုတစ်ခါ ပြန်လည်ပြီးတော့ ကန့်သတ်လိုက်မယ်ဆိုလို့ရှိရင် အဲဒီလိုမျိုး အနေအထားကိုလည်း ပြန်ရောက်သွားမှာကို စိုးရိမ်ပါတယ်။ ရပ်ရွာအေးချမ်းသာယာရေးဆိုတဲ့ စကားရပ်တွေ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ဆိုတဲ့ စကားရပ်တွေဟာ အင်မတန်မှ ကျယ်ပြန့်လှပါတယ်။ အဲဒီလို ဖော်ပြထားတဲ့အရာတွေဟာ ကျယ်ပြန့်တဲ့ အတွက်ကြောင့် ခွင့်မပြုချင်ရင် ဘယ်အရာမှ ခွင့်မပြုနိုင်အောင် လုပ်ထားတဲ့ အနေအထားမျိုးမှာ ဖြစ်နေပါတယ်။ တိကျတဲ့သတ်မှတ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိဘဲနှင့် လိုရင် လိုသလို ဆွဲနိုင်တာဟာ အခြေခံ လူ့အခွင့်အရေးကို ထိပါးနှောင့်ယှက်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။

နောက်တစ်ခါ အပိုဒ် ၃ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)မှာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်ရမည့်အစီအစဉ် အပြည့်အစုံကို ထပ်မံဖြည့်စွက်ဖို့ ဥပဒေကြမ်းကော်မတီကလည်း ဖော်ပြထား ပါတယ်။ ဒီနေရာမှာ မေးစရာရှိလာတာက အစီအစဉ် အပြည့်အစုံဆိုတာ ဘယ်လောက်အထိ ပြည့်စုံ ရမလဲ သေချာတာကတော့ တာဝန်ရှိတဲ့ လူတွေဘက်က အစီအစဉ် မပြည့်စုံပါလို့ အကြောင်းပြပြီးတော့ ဒီတစ်ချက်တည်းနဲ့ တရားစွဲဆိုလို့ရတဲ့ အနေအထား ဖြစ်နိုင်ပါတယ်။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့် စီစဉ်တဲ့လူများနှင့် တာဝန်ရှိတဲ့လူတွေကြားမှာ အများကြီး ဝိဝါဒ ကွဲပြားနိုင်ပါတယ်။

ဆန္ဒပြမှုတစ်ခုမှာ လူ(၅၀)လောက် အစီအစဉ်မှာ ဖော်ပြထားပေမယ့် လူ(၅၀၀) လောက် လာနိုင်တယ်။ လူ (၁၀၀၀)လောက် မှန်းထားပေမယ့်လည်း လူ (၁၀၀)ပြည့်ချင်မှ ပြည့်မယ်။ ဒါတွေဟာ တစ်ဦး တစ်ယောက်ချင်းစီရဲ့ စိတ်အားထက်သန်မှုအပေါ်မှာ အများကြီး မူတည်နေပါတယ်။ အဲဒါကြောင့်မို့လို့ ဥပဒေဆိုတာက ပြည်သူတွေ ခက်ခဲအောင် လုပ်မှာလား၊ လွယ်ကူအောင် လုပ်မှာလား။ မနှစ်တုန်းက ဒီဥပဒေပေါ်မှာ ဆွေးနွေးတုန်းကဆိုလို့ရှိရင် ဒီလွှတ်တော်ကနေပြီးတော့ လွှတ်တော်တစ်ရပ်က လူတွေကို များများ ဆန္ဒထုတ်ဖော်စေချင်လွန်းလို့ ဆိုတဲ့ စေတနာ ဆိုပြီးတော့ ကျွန်မတို့ သိထားပါတယ်။

ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ် ၄ ပုဒ်မ ၁၈ မှာ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် ငွေသို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း ဆိုတဲ့ ဆန္ဒပြပွဲကျင်းပတဲ့ ငွေကြေးအကုန် အကျခံမယ့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ခန့်မှန်းကုန်ကျစရိတ်ကိုပါ တင်ပြမယ့် အချက် ပါနေပါတယ်။ ဒီဟာ ကတော့ မရိုးဖြောင့်တဲ့ အတုအယောင် ဆန္ဒပြပွဲတွေကို ရည်ညွှန်းတယ်လို့ ထင်ပါတယ်။ အဲဒီတော့ ဒါပေမယ့်လည်း တစ်ဖက်မှာတော့ ငွေကြေးကုန်ကျခံမယ့်ပုဂ္ဂိုလ် ဒါမှမဟုတ်ရင် အဖွဲ့အစည်းကို ဖော်ပြရမယ်ဆိုတာ တကယ်တမ်းတော့ အခက်အခဲတွေ အများကြီး ရှိပါတယ်။ တကယ်တမ်း အမှန်တကယ် ဒီလိုမျိုး စီစဉ်တဲ့ လူတွေဟာ တက်ကြွလှုပ်ရှားတဲ့ လူတွေလည်း ဖြစ်ကောင်းဖြစ်မယ်။ တစ်ဦးတစ်ယောက်ချင်း ငွေကြေးအနည်းငယ်နှင့် စိုက်ထုတ်ပြီးတော့ လုပ်ရတဲ့ ပွဲတွေလည်း ရှိပါတယ်။ အဲဒီတော့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် တကယ်လိုသလား၊ မလိုဘူးလား၊ အကျိုးရှိလား၊ မရှိဘူးလား၊ လက်တွေ့ ကျင့်သုံးနိုင်မလား ဆိုတာကို ကြည့်ရပါမယ်။ နောက်ပြီးတော့ ဒီဆန္ဒပြပွဲတွေဟာ အလိမ်အညာလား၊ အစစ်အမှန်လား ဆိုတာကို ကျွန်မတို့ ပြည်သူလူထုတွေက ကောင်းမွန်စွာ ခွဲခြား နိုင်ပါတယ်။ ပြီးတော့လည်း အခန်း(၇) ပုဒ်မ ၁၈ မှာပဲ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်လို့ ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့တိုင်းပြည်မှာ ဥပဒေတွေက ရှိပြီးသား ဖြစ်ပါတယ်။ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းကို ချိုးဖောက်ရင်လည်းပဲ တည်ဆဲဥပဒေတွေနဲ့ အရေးယူလို့ ရတယ်။ မဟုတ်မမှန် စွပ်စွဲလို့ရှိရင်လည်းပဲ ရာဇသတ်ကြီး ပုဒ်မတွေထဲမှာလည်း ကာကွယ်ပြီးသား ဖြစ်ပါတယ်။ ချိုးဖောက် ကျူးလွန်တဲ့ဟာတွေကို တည်ဆဲဥပဒေတွေနှင့် ကောင်းတဲ့ဘက်ကနေပြီးတော့ အသုံးပြုလို့ ရနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မဲဆန္ဒရှင် ပြည်သူလူထုကို တိုက်ရိုက်ကိုယ်စားပြုနေတဲ့ ဥပဒေပြု လွှတ်တော် ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာ ပြည်သူတွေရဲ့ အခြေခံအခွင့်အရေးကို ပိတ်ပင်ဟန့်တား ပြီးတော့ လိုရင်လိုသလို ဖိနှိပ်နိုင်တဲ့ ဥပဒေတွေကို ပြင်ဆင်ပယ်ဖျက်ဖြည့်စွက်ဖို့ ဖြစ်ပါတယ်။ ဒီလို ထပ်မံကန့်သတ်ဖိနှိပ်နိုင်တဲ့ အငြင်းပွားဖွယ်ဥပဒေကြမ်းတစ်ခုကို လွှတ်တော်အနေနဲ့ လက်ခံအတည် မပြုသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)** ။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေကို မူလရေးဆွဲခွင့်ရှိသူမှာ လွှတ်တော် ကိုယ်စားလှယ်တွေပါ။ ကိုယ်စားလှယ်ဆိုတဲ့အတိုင်း နိုင်ငံသားတွေရဲ့ ကိုယ်စားလှယ်အနေနဲ့ပဲ ဥပဒေ ပြုခွင့်ရသူတွေဖြစ်ပါတယ်။ ဒီဥပဒေကို နိုင်ငံသားတွေက အသိအမှတ်မပြုဘူးဆိုရင် လွှတ်တော် ကိုယ်စားလှယ်တွေက ရေးဆွဲလိုက်တဲ့ ဥပဒေတစ်ရပ်ဟာ တရားမဝင်ဘူးလို့ ပြောလို့ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပုဒ်မ ၄ ကို ဆွေးနွေးလိုတဲ့ အကြောင်းရင်းကတော့ ပြင်ဆင်သည့် ခြေဆင်းမှာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေတွေနှင့် မဆန့်ကျင်လျှင်ဆိုသည့် စာသားအား အစားထိုးရန် မသင့်ကြောင်း ပြင်ဆင်ချက်အား လေ့လာရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ မူဝါဒများ ဖြစ်နေခြင်း၊ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေသည် ပြည်သူများအပေါ် ခြိမ်းခြောက်ဟန့်တားလိုခြင်းကို အဓိကမြင်တွေ့နေရခြင်း၊ အမျိုးသားရေးသမား များအား ချိုးနှိမ်ထားခြင်း၊ သမ္မတ ပြည်ထောင်စုအစိုးရရဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်သော ပြင်ပ စာချုပ်စာတမ်း MoU များအား သိရှိလိုတဲ့ စုဝေးခြင်း၊ စီတန်းခြင်းမပြုနိုင်အောင် တားမြစ်ထားခြင်း စသည်တို့သည် အစိုးရ ဘာလုပ်လုပ် ဘာမှမပြောနဲ့လို့ တားမြစ်ရာရောက်နေခြင်း (သို့မဟုတ်) MoU ထိုးထားသည့် ပြည်ပအစိုးရကုမ္ပဏီများအား အကာအကွယ်ပေးသည့်သဘော ရှိနေခြင်း၊ ပြည်သူများ မျက်စိ၊ နား စသည်တို့အား အမှောင်ချထားခြင်း၊ ဥပဒေပြဋ္ဌာန်းပါက လွှတ်တော်ပုံရိပ် ထိခိုက်နိုင်ခြင်း၊ သယံဇာတ အများအပြားထွက်ရှိသည့် တိုင်းရင်းသားများ၏ လွတ်လပ်စွာ ထုတ်ဖော်ခွင့်အား ကြိုတင် တားမြစ်ထားခြင်း အစရှိသည့် အကြောင်းအရာများ ပေါ်ပေါက်လာနိုင်ပါတယ်။

ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) ပြင်ဆင်ချက်မှာ ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းလို့ ပါ ပါတယ်။ ဒါဆိုရင် ခန့်မှန်းကုန်ကျစရိတ် မတင်ပြရင် ပြစ်မှု မြောက်မှာ လား။ ကုန်ကျစရိတ်ကို ဘယ်သူက ကျွန်တော် ကုန်ကျမယ်လို့ ကိုယ်ကိုယ်တိုင်ပြောမှာလဲ။ အဖွဲ့အစည်း ဆိုတာ ဖြည့်စရာမလိုဘူး။ ဘာဖြစ်လို့ဆိုတော့ ၂၀၁၆ ခုနှစ် ပြဋ္ဌာန်းထားသည့် အခန်း (၃) ပုဒ်မ ၄ (ဂ) ဦးဆောင်မည့်ပုဂ္ဂိုလ်၊ ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ အမည်၊ ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံပါရှိ ပါတယ်။ ပုဒ်မ ၄ (င) မှာကျတော့ အဖွဲ့အစည်းတစ်ရပ် ဆောင်ရွက်လိုပါက ယင်း အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း(သို့မဟုတ်) အထောက်အထားဆိုပြီး ပြဋ္ဌာန်းထားတာကို တွေ့ရှိ ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၈ ကို ပြင်ဆင်အစားထိုးရင် မသင့်ကြောင်း။ ဘာဖြစ်လို့ဆိုတော့ ကျွန်တော် ပုဒ်မ ၄ မှာ ဆွေးနွေးထားပြီး ဖြစ်ပါတယ်။ အကြောင်းအရင်းတစ်ခုကို ထပ်ပြီး ပိုမိုခိုင်မာ အောင် ပြုလုပ်ထားသည်ကို လေ့လာတွေ့ရှိရပါတယ်။ ယခုပြင်ဆင်သည့် ပုဒ်မ ၄ နှင့် ပုဒ်မ ၁၈ မှာ ယခင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းထားသည့် ဥပဒေအခန်း(၂)ပါ ဥပဒေအရည်အချင်းနှင့် လွဲချော်နေ ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီဥပဒေ ပုဒ်မများကို ပြင်ဆင်လိုက်မယ်ဆိုရင် ယင်းအဖွဲ့အစည်း၏ တာဝန်ဖြစ်သည့် ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ ကို ဆောင်ရွက်စရာမလိုဘဲ ဆန္ဒဖော်ထုတ်သည့် မည်သူကို

ဘယ်အချိန်မဆို စုံစမ်းဖော်ထုတ် အရေးယူလို့ရသည့် နည်းလမ်းတစ်ခု ဖြစ်သွားပါလိမ့်မည်။ ပုဒ်မ ၂၄ ပုဒ်မ ၁၈ မှအပဆိုရင် ပုဒ်မ ၁၈ မှအပဆိုလို့ရှိရင် ရက်ပေါင်း (၃၀)အတွင်း တရားစွဲဆိုလို့ရတယ်လို့ ဖြစ်ပါတယ်။ ရက်ပေါင်း (၃၀) အတွင်းမှာ တရားစွဲဆိုမယ့် ပုဂ္ဂိုလ်သည် ဒီ ဥပဒေနှင့် ငြိစွန်းလို့ရှိရင် သူ့ရဲ့ တရားစွဲဆို လုံလောက်မှုမရှိလို့ ဒီ ရက်ပေါင်း (၃၀)ကို ထပ်မံအစားထိုးတာလို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေနဲ့ပတ်သက်တဲ့ သာမန်ပြည်သူလူထုအတွက်က နားလည်ရခက်မှာ အမှန်ပဲ ဖြစ်ပါတယ်။

ကွဲပြားမှုရှိနေတဲ့ လူ့အဖွဲ့အစည်းများအတွက် ဒီမိုကရေစီဆိုရင် ပြည်သူလူထုရဲ့ လိုအပ်ချက်တွေ ဆန္ဒဖော်ထုတ်တာဟာ တိုင်းပြည်နှင့် နိုင်ငံကောင်းဖို့ လိုအပ်ချက်ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနှင့် ပြောရမယ်ဆိုရင် နောင်တစ်ချိန်မှာ ပြည်သူလူထုအကျိုးစီးပွား ပြဿနာဖြေရှင်းရရင် လွှတ်တော်ကိုယ်စားလှယ်၏ တာဝန်သာဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားမျှတမှု (Justice)၊ အာဏာညီမျှမှု (Equity) မွန်မြတ်တဲ့ရည်ရွယ်ချက် (Good Inten) များကို အခြေပြုပြီးတော့ တရားဥပဒေများ ပြုနိုင်ကြပါစေကြောင်း ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ အဓိက (၂)ချက် ဆွေးနွေးပါမယ်။ ပထမအချက်ကတော့ ဥပဒေကို ဖြည့်စွက်ပြဋ္ဌာန်းပေးဖို့နှင့် ဒုတိယအချက်ကတော့ ဥပဒေကြမ်းကို ပြင်ဆင်ပြောင်းလဲပေးဖို့ ဖြစ်ပါတယ်။

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေမှာ မတရားပြုကျင့်ခံရလို့ နစ်နာနေတဲ့သူတွေကို ကူညီဖြေရှင်းပေးမယ့်အကြောင်း လုံးဝမပါလို့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဆန္ဒဖော်ထုတ်သူတွေထဲမှာ အမှန်တကယ် မတရားပြုလုပ်ခံရလို့ နစ်နာဆုံးရှုံးသူတွေက အားကိုးရာမဲ့ပြီး ဆန္ဒဖော်ထုတ်ကြတာလား။ နာမည်ကြီးချင်လို့လုပ်တာလား။ နိုင်ငံရေး အမြတ်ထုတ်ချင်လို့လား။ နိုင်ငံအကျိုးယုတ်မယ်မှန်းသိလျက်နှင့် မရိုးမသား တမင်နှောင့်ယှက်ပေးချင်လို့လား စတဲ့ ရည်ရွယ်ချက်အမျိုးမျိုးကို စုံစမ်းဖော်ထုတ်ပြီး ကူညီဖြေရှင်း ကာကွယ်စောင့်ရှောက်ပေးရမယ့်သူတွေကို ကူညီပေးရန်နှင့် ဥပဒေချိုးဖောက်သူတွေကိုလည်း မျှမျှတတနှင့် အတိကျနိုင်ဆုံး အရေးယူနိုင်ဖို့အတွက် ဒီဥပဒေကို ပြင်ဆင်ဖို့လိုပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေရဲ့ အခန်း (၆) ခေါင်းစဉ် အရေးယူဆောင်ရွက်ခြင်းအစား ကြီးကြပ်ဆောင်ရွက်ခြင်းလို့ ခေါင်းစဉ်နာမည်ကို ပြောင်းပြီးတော့ ခေါင်းစဉ်အသစ် အခန်းအသစ်အနေနဲ့ အခန်း(၇) အရေးယူဆောင်ရွက်ပေးခြင်း ဆိုပြီးတော့ ပုဒ်မ ၁၈ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဖြင့် ဆန္ဒဖော်ထုတ်မှု တစ်စုံတစ်ရာ ဖြစ်ပွားကြောင်း သိရသည်နှင့်တစ်ပြိုင်နက် (က) နိုင်ငံတော်သမ္မတကနေပြီးတော့ လွှတ်တော်

ကိုယ်စားလှယ်များ၊ ဒါမှမဟုတ် သင့်တော်တဲ့လူများနှင့် စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမယ်။ (ခ) စုံစမ်းရေးကော်မရှင်ရဲ့ အရေအတွက်၊ သက်တမ်း၊ အခွင့်အရေးနှင့်တာဝန်၊ ကုန်ကျစရိတ်၊ ကော်မရှင် အဖွဲ့ဝင်ပြောင်းလဲခန့်အပ်ခြင်းကိစ္စတွေကို သမ္မတကနေ လိုအပ်သလို ဆောင်ရွက်ရမယ်။ ကော်မရှင်က သမ္မတကိုပဲ တာဝန်ခံရမယ်။

(ဂ) ကော်မရှင်က ဆန္ဒဖော်ထုတ်မှု စတင်တဲ့ အချိန်ကနေ ပြီးဆုံးတဲ့ကိစ္စတွေအားလုံးကို စုံစမ်းစစ်ဆေးရမယ်။ (ဃ) ကော်မရှင်ကနေပြီးတော့ ဆန္ဒဖော်ထုတ်သူများရဲ့ နစ်နာမှု၊ ဆုံးရှုံးမှု၊ မကျေနပ်မှု၊ မတရားသဖြင့် ပြုကျင့်ခံရမှုများကို လည်းကောင်း၊ မရိုးသားမှု၊ မမှန်မကန် လိမ်လည်လှည့်ဖြားမှု စတဲ့ အပြုအမူများကိုလည်းကောင်း၊ နိုင်ငံမတည်မငြိမ်ဖြစ်ခြင်း၊ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုပြုခြင်း၊ အမုန်းတရား လှုံ့ဆော်ခြင်းများကို လည်းကောင်း၊ နိုင်ငံကို ဖယ်ဒရယ်ဒီမိုကရေစီလမ်းကြောင်းမှ သွေဖယ်သွားစေရန် ရည်ရွယ် ဆောင်ရွက်ချက်များကိုလည်းကောင်း စတဲ့ ဆန္ဒဖော်ထုတ်သူများရဲ့ ရည်ရွယ်ချက် အစစ်အမှန်နဲ့ ဖြစ်ရပ်မှန်များကို စုံစမ်းဖော်ထုတ်ပြီးတော့ ရက်(၃၀)အတွင်း ဒါမှမဟုတ် သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတကို တင်ပြရမယ်။ (င) နိုင်ငံတော်သမ္မတ က ဒီအစီရင်ခံစာကို အခြေပြုပြီးတော့ နိုင်ငံသား တွေအပေါ်မှာ ကူညီဖြေရှင်း ကာကွယ်စောင့်ရှောက်ရမယ့် ကိစ္စတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များထံ အမိန့်၊ ညွှန်ကြားချက်၊ သဝဏ်လွှာများ အမြန်ဆုံး ထုတ်ပြန်ကြေညာ ပြီးတော့ ဆောင်ရွက်ရမယ်။ (စ) နိုင်ငံတော်သမ္မတက ကော်မရှင် အစီရင်ခံစာပေါ်မှာ မူတည်ပြီးတော့ တည်ဆဲဥပဒေတွေကို ချိုးဖောက်တဲ့အတွက် အရေးယူဖို့ လိုအပ်လာရင် ကျွန်တော်တို့ ရက်ပေါင်း(၃၀) အတွင်း သက်ဆိုင်ရာ တာဝန်ရှိသူတွေကို တရားစွဲဆို အရေးယူခိုင်းရမယ်ဆိုပြီးတော့ ပြင်ဆင်ဖြည့်စွက် လိုပါတယ်။

ဒုတိယပြင်ဆင်ချင်တဲ့ အချက်ကတော့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၄ ခြေဆင်းကို ဖြည့်စွက်ချက်နှင့် ပုဒ်မ ၁၈ အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းချက်တွေမှာပါတဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းချက်များဆိုတဲ့ စကားရပ်များကို ပယ်ဖျက်ဖို့အတွက် ကန့်ကွက်တင်ပြလိုပါတယ်။ လိုရင်းတင်ပြရရင် ဒီလို ဥပဒေ အင်္ဂါရပ် အချက်အလက် တိတိကျကျမပါရှိတဲ့ သတ်မှတ်ပြဋ္ဌာန်းထားခြင်းလည်းမရှိတဲ့ ဒီလို ပြဋ္ဌာန်းချက် တွေဟာ သားရေကွင်းလို လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး အာဏာရှင်အကြိုက် မိမိပြည်သူတွေကို ဖိစီး နှိပ်စက်တဲ့ ဥပဒေမျိုး ဖြစ်လို့ပါပဲ။ မတရားပြုလုပ်ခံရလို့ မိမိတို့ရဲ့ နစ်နာဆုံးရှုံး မတရားခံစား နေရတာတွေကို သာမန်ပြောဆိုဆွေးနွေးမိရုံလောက်နဲ့ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရား ဥပဒေစိုးမိုးရေး ထိခိုက်တယ်ဆိုပြီးတော့ ဖမ်းဆီးထောင်ချခဲ့တာ အားလုံးသိပါတယ်။ နစ်နာတဲ့လူတွေ ခုခံဖြေရှင်းဖို့ ဥပဒေမှာ စာလုံးတစ်လုံးတောင် မပါပါဘူး။

ကျွန်တော့်ကိုယ်တွေ့အရပြောရရင် ၁၉၉၈ ခုနှစ်အတွင်း ကျွန်တော်အပါအဝင် NLD တွေကို တစ်နိုင်ငံလုံး ဖမ်းဆီးပြီးတော့ မိသားစုတွေနဲ့ လပေါင်းများစွာ အဆက်အသွယ်ဖြတ်ကာ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု ပြုခဲ့ကြပါတယ်။ ဘာဥပဒေနဲ့ ဒီလိုလုပ်ပါသလဲလို့ ကျွန်တော် မေးတဲ့အခါ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးအရ နိုင်ငံတော်ကို နှောင့်ယှက်မှာစိုးလို့ ဖမ်းပါတယ်လို့ ပြောပါတယ်။ အဲ ကျွန်တော်တို့က ဘာများလုပ်မိလို့လဲ မေးပြန်တော့ NLD ပါတီဝင်မို့လို့ ဖမ်းတယ်၊ အရေးယူတယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလို နစ်နာ

နေတဲ့လူတွေ NLD တွေကိုကျတော့ ထောင်ချခဲ့တဲ့ ဥပဒေတွေ ရှိပါလျက်နဲ့ အဲဒီဥပဒေတွေရဲ့ ရှေ့မှောက်မှာပဲ မြို့ကြီးတွေမှာ ဘောလုံးကွင်းကြီးတွေထဲမှာ ဒံပေါက်ကျွေး၊ ငွေပေးပြီး ခေါ်လာတဲ့ လူတွေနဲ့ NLD ပါတီနဲ့ ပါတီခေါင်းဆောင်တွေကို မမှန်တဲ့ အကြောင်းအရာတွေ ယုတ်ညံ့တဲ့စကားတွေနဲ့ မှိုချိုး၊ မျှစ်ချိုး၊ အုတ်အော်သောင်းနင်း လုပ်ခဲ့ကြတာ အားလုံးသိပါတယ်။ ဒါမျိုးကျတော့ အဲဒီဥပဒေ တွေနဲ့ မငြိစွန်းဘူး၊ အရေးမယူဘူးဆိုတော့ ဒီဥပဒေ ပြဋ္ဌာန်းချက်တွေဟာ ဘယ်လောက်မတရားတဲ့ စကားလုံးတွေဖြစ်သလဲဆိုတာ ထင်ရှားနေပြီ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးလည်း သိပြီးဖြစ်ပါတယ်။ ဒီလို ပြဋ္ဌာန်းချက်တွေဟာ အာဏာရှင်တွေ မတရားသဖြင့် အသုံးချနိုင်တဲ့ အကြောင်းကြောင့် ဥပဒေရဲ့ စံချိန်စံညွှန်း၊ ဒီမိုကရေစီရဲ့ စံချိန်စံညွှန်းနှင့် မကိုက်ညီသလို NLD ပါတီရဲ့ ရပ်တည်ချက်တွေနဲ့လည်း မကိုက်ညီပါဘူး။ NLD ပါတီရဲ့ ပြဋ္ဌာန်းစာအုပ်၊ အခန်း(၂) ရည်ရွယ်ချက် အပိုဒ် ၇(က)မှာ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာဖို့ လုပ်မယ်။ အပိုဒ် ၇(ဃ)မှာ အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်တဲ့ နိုင်ငံရေးစနစ်မျိုး မည်သည့်အခါမျှ ပေါ်ပေါက်ခြင်း မရှိစေရေးအတွက် လုပ်ကိုင် ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချရည်ရွယ်ချက်နှင့် ဒီဥပဒေကြမ်းမှာပါတဲ့ ပြဋ္ဌာန်းချက်စကားလုံးများဟာ ညီညွတ်မှု မရှိတဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း ကန့်ကွက်တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီပုဒ်မ ၁၈ ကို ပုဒ်မ ၁၉ အဖြစ် ဒီလို တင်ပြလိုပါတယ်။ မည်သူမဆို ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မှုတစ်ခုသည် တည်ဆဲဥပဒေ တစ်ရပ်ကို ဆန့်ကျင်ချိုးဖောက်မှု ဖြစ်တန်ရမှန်းသိလျှက် အဆိုပါ ပြုလုပ်မှုဖြစ်မြောက်ရေးအတွက် မည်သည့်နည်းဖြင့်မဆို ငွေကြေးအကုန်အကျခံ ရင်းနှီးစိုက်ထုတ်သုံးစွဲ၍ ပါဝင်ပတ်သက်ခဲ့လျှင် ဒါ ဥပဒေချိုးဖောက်မယ်မှန်းသိလျှက်နှင့် လုပ်တဲ့ ငွေစိုက်တဲ့လူတွေကို ဆိုလိုတာပါ။ ထိုသူကို ထောင်(၃)နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမယ့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ လက်မဲကြီးတွေကို တိတိကျကျ အရေးယူနိုင်မယ့် ပြဋ္ဌာန်းချက်မျိုး ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၄ ခြေဆင်းမှာလည်း တည်ဆဲဥပဒေများကို မဆန့်ကျင်လျှင်လို့သာ ပြင်ဆင်သင့်ပါတယ်။ အခြားပြင်ဆင်ချင်တဲ့ အချက် တွေကတော့ ပုဒ်မ ၂(ဈ) ကော်မရှင်ရဲ့ အဓိပ္ပာယ်၊ ပုဒ်မ ၂(ည) တည်ဆဲဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် တွေ ဖွင့်ဆိုပေးသင့်ပါတယ်။ ပုဒ်မ ၄(ည)နဲ့ ပုဒ်မ ၁၉ မှာလည်း ပြင်ဆင်ဖို့အချက်အလက်တွေကို ကျွန်တော် သီးခြားတင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို အဲဒီလို ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကို လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်း နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၂၅) ရက်မြောက်နေ့ ၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးဆန်းဝင်း (အတွင်းရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးဆန်းဝင်း ဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၈ အား အမျိုးသား လွှတ်တော်က လက်ခံစဉ်းစားပေးပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများရဲ့ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်သုံးစွဲရာတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်ရတဲ့ လေလွင့်ဆုံးရှုံးမှုများ လျော့နည်း ကျဆင်းသွားစေရန် စီးပွားရေးထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာလည်း အဂတိလိုက်စားမှု ကြောင့်ဖြစ်ရတဲ့ နိုင်ငံတော်ပိုင်ငွေကြေး၊ ပစ္စည်း၊ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများအတွက် အကာအကွယ် ပေးရန်နဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်တဲ့နေရာမှာ မြန်မာ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီးဖြစ်တဲ့ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် သဘောတူစာချုပ်မှာ ပြဋ္ဌာန်းခြင်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရန်တို့အတွက် ဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ယခုတင်သွင်းတဲ့ ဥပဒေမူကြမ်းအား လက်ခံစဉ်းစားပေးပါရန် အဆိုကို တင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
## စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/ ၂၀၁၈ - ၁၄၆

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီ လ ၂၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၀-၁-၂၀၁၈ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၂-၁-၂၀၁၈ ရက်နေ့၊ ၁-၂-၂၀၁၈ ရက်နေ့၊ ၈-၂-၂၀၁၈ ရက်နေ့နှင့် ၂၁- ၂-၂၀၁၈ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ဥပဒေကြမ်းခေါင်းစဉ်နှင့် အပိုဒ် ၁ တို့တွင် ဖော်ပြထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဆိုသည့် စကားရပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈) ဟုလည်းကောင်း၊ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလက ဥပဒေ ပုဒ်မ ၂ တွင်ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ်

နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသားက ပြည်ပတွင်ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)တွင် ဖော်ပြထားသော တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် ဆွေးနွေးခြင်း ဆိုသည့်စကားရပ်ကို တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင်ပါရှိသော သက်ဆိုင်ရာ အစိုးရဌာနဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(ဂ) ကျော်စောသတင်း ဆိုသည်မှာ အများပြည်သူအတွင်း ပြန့်နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိသည်ဟု ကော်မရှင်က ယုံကြည်ရန် အကြောင်းပေါ်ပေါက်လာသော သတင်းကိုဆိုသည်။

(ခ) **ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ည) ကို ပုဒ်မခွဲ (ဋ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော** ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ **ဆိုသည့်စကားရပ်ကို** ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း **ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ပ)ကို ပုဒ်မခွဲ(ဖ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား** စစ်ဆေးရေးမှူး ဆိုသည့် ကော်မရှင်သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူကိုဆိုသည်။ **ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဆိုပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်းအပိုဒ် ၅၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)တွင် ဖော်ပြထားသော** သတင်းအရ လိုအပ်ပါက ကြိုတင်ထောက်လှမ်းစုံစမ်းစေခြင်း **ဆိုသည့်စကားရပ်ကို** သတင်းအရ လိုအပ်ပါက ကြိုတင်စုံစမ်းစေခြင်း **ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဈ)၏နောက်တွင် ပုဒ်မခွဲ(ည)အဖြစ်** အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ သင်ခန်းစာများကို အခြေခံပညာမူလတန်း အဆင့်မှစတင်၍ ပညာပေးသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း **ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့်ဥပဒေကြမ်း အပိုဒ် ၇၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဌ) ကို ပုဒ်မခွဲ (ဍ) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစား** တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ စုံစမ်း

စစ်ဆေးအရေးယူခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း **ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

(ဂ) **အဆိုပါပြဋ္ဌာန်းသည့် ဥပဒေကြမ်းအပိုဒ် ၁၀၊ အပိုဒ်ခွဲ (ခ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဈ)ကို ပုဒ်မခွဲ(ည) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော** သတ်မှတ်ထားသော ဆုငွေချီးမြှင့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း **ဆိုသည့်စကားရပ်၏ရှေ့တွင်** သတင်းပေးသူကို **ဆိုသည့်စကားရပ်ဖြင့် ဖြည့်စွက်၍လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) တွင်ဖော်ပြထားသော စကားရပ်များအစား** ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ) အရ မည်သူ့ကိုမဆို အရေးယူရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ တင်ပြ ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေး တင်ပြရန် တာဝန်ပေးအပ်ခြင်း **ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား** အဂတိလိုက်စားမှုကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် တစ်ဦးဦးက **ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၁၂၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော** ကြိုတင်ထောက်လှမ်းရာတွင် **ဆိုသည့်စကားရပ်ကို** ကြိုတင်စုံစမ်းရာတွင် **ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၃၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော** ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လည်းကောင်း ဆက်လက်အရေးယူနိုင်ပါရန်ပေးပို့ရမည် **ဆိုသည့် စကားရပ်ကို** ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့လည်းကောင်း တင်ပြရမည် **ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၄၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)တွင်ဖော်ပြထားသော** ရုံးခွဲများကို ဖွဲ့စည်းနိုင်သည် **ဆိုသည့်စကားရပ်ကို** ကော်မရှင်ရုံးခွဲများကို ဖွဲ့စည်းနိုင်သည် **ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

(ဃ) **အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) တွင်ဖော်ပြထားသော စကားရပ်များအစား** ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် မည်သူ့ကိုမဆို အဂတိလိုက်စားမှုဖြင့်ကြွယ်ဝချမ်းသာခြင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှု ကျူးလွန်ခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြခွင့်ရှိသည် **ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင်ဖော်ပြထားသော စကားရပ်များအစား** ကော်မရှင်၏တင်ပြချက်အရ မည်သူ့ကိုမဆို အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ် အဂတိလိုက်စားမှုကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်။ **ဆိုသည့်စကားရပ်ဖြင့်**

**လည်းကောင်း၊ မူလဥပဒေပုဒ်မ ၄၄ ၏ ဘေးခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား** သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း **ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၆၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) ကို ပုဒ်မ ၄၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား** မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည် **ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

(င) **ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် အဆိုပါပြဋ္ဌာန်းသည့် ဥပဒေကြမ်းအပိုဒ် ၁၉ ခြေဆင်းကို အပိုဒ် ၂၆ ခြေဆင်းအဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား** အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၃ ၏ နောက်တွင် ပုဒ်မ ၅၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် **ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)(၂)(၃) တို့ကို အပိုဒ် ၂၆၊ ပုဒ်မ ၅၃-က၊ ပုဒ်မခွဲ (က) (ခ) (ဂ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၅၃-က၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော** အမိန့်ချမှတ်ခြင်းခံရသူက သတ်မှတ်ချက်များနှင့်အညီ **ဆိုသည့်စကားရပ်ကို** အမိန့်ချမှတ်ခြင်းခံရသူက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း သတ်မှတ်ချက်များနှင့်အညီ **ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀၊ ပုဒ်မ ၅၉ တွင် ဖော်ပြထားသော** ခြောက်လထက်မပိုသော ထောင်ဒဏ်**ဆိုသည့် စကားရပ်ကို** သုံးနှစ်ထက်မပိုသော ထောင်ဒဏ် **ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)နှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(က)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဏ)တို့တွင်ပါရှိသော** အစိုးရ၏ငွေကြေး **ဆိုသည့်စကားရပ်ကို** နိုင်ငံတော်၏ ငွေကြေး**ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

(စ) **အဆိုပြုပြဋ္ဌာန်းထားသည့်ဥပဒေကြမ်း အပိုဒ် ၁၈၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ(က) နှင့် အပိုဒ် ၂၁၊ ပုဒ်မ ၆၃ တို့ကို မူလဥပဒေအတိုင်း ပြန်လည်ထားရှိသင့်ကြောင်းနှင့် မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဖ)နှင့် အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၁၆၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(ခ) တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှပညာရှင်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၈-၃-၂၀၁၈ (ကြာသပတေးနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၀၈ နာရီအချိန်တွင်ရပ်နားပါသည်။]